## ၆။ စိန်ကွက်ဖလံ

**Diamond Backed Moth :** ***Plutella xylostella*** **(Linnaeus, 1758)**

**Lepidoptera: Plutellidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ




လောက်ကောင်သည် လက်သန်းဖျားအရွယ်ရှိပြီး စိမ်းဖျော့ဖျော့အရောင်ရှိသည်။ အရွယ်ရောက်ကောင်သည် မီးခိုးရောင်ဖလံဖြစ်ပြီး အရှေ့တောင်၏ အနောက်ဖက်အနားတွင် တြိဂံပုံစံ အမှတ်သုံးခု ပါရှိသည့်အတွက် နားနေချိန်တွင် ကျောပေါ်၌ စိန်ကွက်သဏ္ဍာန်ကို ထင်ရှား စွာ တွေ့နိုင်သည်။

### ဖျက်ဆီးပုံလက္ခဏာများ



ပိုးလောက်ကောင်သည် အရွက်၏အောက်မျက်နှာပြင်မှ ထိုးဖောက်၍ အစိမ်းရောင် အရွက်သားများကို ကိုက်ခြစ်စားသောက်လေ့ရှိသောကြောင့် အဖြူရောင်ဇကာအကွက်များကို တွေ့ရနိုင်သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၇)ရက်

လောက်ကောင် အဆင့် – (၁၄)ရက်

ရုပ်ဖုံး အဆင့် – (၇)ရက်

အကောင်ကြီး အဆင့် –(၁၆–၂၀)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များအားရှင်းလင်းပါ။

(၂)ပင်ကြွင်းပင်ကျန်များအား ဖျက်ဆီးရှင်းလင်းပါ။

(၃)သီးညှပ်စိုက်ခြင်း၊ သီးလှည့်စိုက်ခြင်းတို့ပြုလုပ်ပါ။

(၄)ခံနိုင်ရည်ရှိသောမျိုးအား စိုက်ပျိုးပါ။

(၅) အဝါရောင်ပိုးဖမ်းထောင်ချောက်အသုံးပြု၍အကောင်ကြီးများဖမ်းယူပါ။

(၆)စိုက်ခင်းအားရေဖျန်းပါ။

(၇) ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးအား ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- အင်ဒိုဇာကပ်(Indoxacarb)
- ကလိုဖန်နာပြာ(Chlorfenapyr)